NUCC National Unity Consultative Council

အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ

# အကြမ်းဖက်စစ်အုပ်စု၏ နိုင်ငံရေးအကျဉ်းသားများအပေါ် သေဒဏ်စီရင်နေခြင်းကို ဆန့်ကျင်သည့် ထောင်တွင်းအစာငတ်ခံဆန္ဒပြခြင်းများနှင့် ပတ်သက်သော သဘောထားထုတ်ပြန်ကြေညာချက်

နေ့စွဲ။ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ (၇) ရက်

၁။ အကြမ်းဖက်စစ်အုပ်စုသည် မတရားသဖြင့် အာဏာသိမ်းယူခဲ့ပြီးနောက် အပြစ်မဲ့ပြည်သူများစွာကို ကြမ်းကြုတ် ရက်စက်စွာ သတ်ဖြတ်ခဲ့ခြင်း၊ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခြင်း၊ ဖမ်းဆီးခံ အမျိုးသမီးများအပေါ်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းများကို ပုံစံမျိုးစုံဖြင့် ပြစ်မှုကျူးလွန်ခဲ့ပါသည်။

၂။ ကိုကျော်မင်းယု၊ ကိုဖြိုးဇေယျာသော်၊ ကိုလှမျိုးအောင်နှင့် ကိုအောင်သူရဇော်တို့ကိုလည်း သေဒဏ်စီရင်ခြင်း ဆောင်ရွက်လိုက်ပြီဖြစ်ကြောင်းကို ဇူလိုင်လ (၂၄) ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ကြေညာခဲ့သည်။ ထို့ပြင် ထုတ်ပြန်ကြေညာခြင်း မပြုလုပ်ဘဲ စီရင်မှုများလည်း ရှိနေသည်ဟု သတင်းထွက်ပေါ်မှုများ လည်းရှိနေပါသည်။

၃။ အကြမ်းဖက်စစ်အုပ်စုသည် သေဒဏ်စီရင်ခြင်း ကြေညာခဲ့ပြီး နောက်ပိုင်းတွင် ထောင်တွင်း နိုင်ငံရေး အကျဉ်းသားများ အပေါ်ဖိနှိပ်မှုများ ပိုမိုပြင်းထန်စွာ ဆောင်ရွက်နေသည်ကိုလည်း ထောင်တွင်းသတင်းရင်းမြစ်များ မှတဆင့် ပြန်လည် ကြားသိရပါသည်။ **ယခုအခါတွင် အင်းစိန်ထောင်နှင့် အိုးဘိုထောင်အပါအဝင် ထောင်အများစု၌ နိုင်ငံရေးအကျဉ်းသားများအပေါ် သေဒဏ်စီရင်နေခြင်းကို ဆန့်ကျင်သည့် အစာငတ်ခံဆန္ဒပြခြင်းများရှိနေပြီး** အကြမ်းဖက်စစ်အုပ်စုမှ အစာငတ်ခံဆန္ဒပြသည့် နိုင်ငံရေးအကျဉ်းသားများကို အကြမ်းဖက်ရိုက်နှက်ခြင်း တိုက်ပိတ်ခြင်းများ ဆောင်ရွက်နေသည့်အတွက် အစာငတ်ခံဆန္ဒပြသူများ၏ အသက်အန္တရာယ်သည် စိုးရိမ်ဖွယ်ရာ ဖြစ်နေပါသည်။

၄။ သို့ဖြစ်ပါ၍ အကြမ်းမဖက်ဆန္ဒပြခြင်းဖြစ်သည့် ထောင်တွင်း အစာငတ်ခံဆန္ဒပြ လှုပ်ရှားမှုများနှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီအရေးဆောင်ရွက်နေသူများအပေါ် တရားလက်လွတ် သတ်ဖြတ်မှုများ မပြုလုပ်နိုင်စေရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်အုပ်စုအား စုံစမ်းမေးမြန်းမှုများကို အမြန်ဆုံးလုပ်ဆောင်ပေး၍ ထိရောက်သော ဖိအားပေးမှုများ လုပ်ဆောင်ပေးပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

၅။ မိမိတို့အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီအနေဖြင့်လည်း နိုင်ငံရေးအကျဉ်းသားများအပေါ် သေဒဏ်စီရင်နေခြင်းကို ဆန့်ကျင်သည့် ရန်သူ့လက်အတွင်း (ထောင်တွင်း) အစာငတ်ခံ ဆန္ဒပြနေသော နိုင်ငံရေးအကျဉ်းသား အားလုံး၏ တော်လှန်ရေးယုံကြည်ချက်နှင့် စိတ်ပိုင်းဖြတ်မှုကို လေးစား ဦးညွှတ် ဂုဏ်ပြု၍ ထောင်တွင်းတိုက်ပွဲများကို နည်းလမ်းပေါင်းစုံဖြင့် အားပေးဝန်းရံသွားမည်ဖြစ်ပြီး တိုင်းရင်းသားပြည်သူ လူထုတရပ်လုံး စစ်အာဏာရှင်စနစ်အောက်မှ အမြန်ဆုံး လွတ်မြောက်

ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးတို့အတွက် အားသွန်ခွန်စိုက် ဆထက်ထမ်းပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန် ကြေညာလိုက်သည်။

**အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ**

ဆက်သွယ်ရန် - office@nucc-federal.org